# TMH Telecom Public Company Limited ၏ ၂၀၁၉ခုနှစ် ဘဏ္ဍာရေး စာရင်းရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် **TMH Telecom Public Company Limited** ၏ ၂၀၁၉ခုနှစ်၊ စက်တင်ဘာ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၁၉-ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားကာ သုံးသပ်ထုတ်ပြန်ကြေညာချက်ဖြစ်၍ ထိုဘဏ္ဍာရေး ရှင်းတမ်းပေါင်းချုပ်နှင့်အတူတွဲ၍ ဖတ်ရှုနိုင်ပါသည်။

## အနှစ်ချုပ်တင်ပြချက်များ

## ကုမ္ပဏီ၏ဝင်ငွေရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်

| | FY 2019 Ks'000 | HY 2018-19 Ks'000 | % Change |
|---|---|---|---|
| Revenue | 2,968,196 | 5,437,437 | -45.4% |
| Costs of Good Sold | (1,501,064) | (3,753,253) | -60.0% |
| **Gross Profit** | **1,467,132** | **1,684,184** | -12.9% |
| Other Income | 288,572 | 62,087 | |
| Expense | (1,359,854) | (1,046,553) | 29.9% |
| **Profit before Tax** | **395,849** | **699,717** | -43.4% |
| Tax Expense | (79,169) | (346,935) | -77.2% |
| Net Profit After Tax | 316,679 | 352,782 | -10.2% |

| | | | |
|---|---|---|---|
| Fair value adjustment of Investments | 32,340 | | |
| Total Comprehensive Income | 349,019 | 352,782 | |
| Basic EPS (MMK) | 25 | 29 | |

ယခုဘဏ္ဍာရေးနှစ်ကာလတွင် ရရှိသည့် ကုမ္ပဏီ၏စုစုပေါင်းဝင်ငွေ ကျပ်(၂.၉)ဘီလီယံသည် ယခင်နှစ် အလားတူကာလတွင် ရရှိခဲ့သော ကျပ်(၅.၄)ဘီလီယံထက် လျော့နည်းခဲ့ပါသည်။ ထိုသို့ ဝင်ငွေကျဆင်းခဲ့သော်လည်း ဝင်ငွေအပေါ် အကြမ်းအမြတ်အချိုးနှင့် အသားတင်အမြတ်ငွေအချိုး အနေဖြင့် ယခင်ကာလထက် တိုးတက်ကောင်းမွန်ခဲ့ပါသည်။ ထိုအကြောင်းအရာ၏ အဓိကအချက်မှာ စီမံအုပ်ချုပ်မှုအဖွဲ့သည် ကာလရှည် အလားအလာကောင်းမွန်ပြီး ပိုမိုအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းလုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းနှင့် မလိုလားအပ်သော အသုံးစရိတ်များကို ထိရောက်စွာလျှော့ချနိုင်ခဲ့ပြီး အမြတ်ငွေ ပိုမိုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။

Available-for-sale ရင်းနှီးမြှုပ်နှံမှုများ၏တန်ဖိုးကို ပြန်လည်သတ်မှတ်ရာတွင် First Myanmar Investment Co.,ltd (FMI) တွင်ပိုင်ဆိုင်ထားသော ရှယ်ယာများကို ယခုဘဏ္ဍာရေးနှစ်ကာလ၏ စာရင်းပိတ်ချိန်တွင်ရှိသော ဈေးကွက်ရှယ်ယာဈေးနှုန်းနှင့်အညီ တန်ဖိုးသင့်ခဲ့ပါသည်။ ရှယ်ယာတစ်စု၏ဝင်ငွေ ကျဆင်းရသည့် အကြောင်းရင်းမှာ ယခုနှစ်ကာလအတွင်း အပိုဆုအစုရှယ်ယာထုတ်ဝေခဲ့ပြီး စုစုပေါင်း ရှယ်ယာအရေအတွက် ပြောင်းလဲလာခြင်းတို့ကြောင့်ဖြစ်ပါသည်။

## ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်

| Assets | FY 2019<br>Ks' 000 | FY 2019<br>Ks' 000 | % Change |
|---|---|---|---|
| Total Non-Current Assets | 3,903,955 | 4,912,036 | **-20.5%** |
| Total Current Assets | 13,396,159 | 13,220,766 | **1.3%** |
| **Total Assets** | **17,300,114** | **18,132,803** | **-4.6%** |

| **Equity & Liabilities** | | | |
|---|---|---|---|
| Total Equity | 15,827,361 | 16,034,342 | **-1.3%** |
| Total Liabilities | 1,472,752 | 2,098,461 | **-29.8%** |
| **Total Equity & Liabilities** | **17,300,114** | **18,132,803** | **-4.6%** |

လက်ငင်းရပိုင်ခွင့်သည် ပြီးခဲ့သောဘဏ္ဍာရေးနှစ်တွင် ကျပ်(၁၃.၂)ဘီလီယံရှိရာ ယခုနှစ်တွင် ကျပ်(၁၃.၄)ဘီလီယံသို့ (၁.၃)ရာခိုင်နှုန်းပြောင်းလဲလာခြင်းမှာ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော ကုန်ပစ္စည်းများ ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ပုံသေရပိုင်ခွင့်သည် ညှိနှိုင်းလုပ်ကိုင်မည့် သက်တမ်းကုန်ဆုံးသော စီမံကိန်းလုပ်ငန်းများကို ယခုထက် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် စီမံလုပ်ငန်းများတွင်ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် ရယူခဲ့ခြင်းဖြစ်ပါသည်။

လက်ငင်းပေးရန်တာဝန် ပြောင်းလဲမှုသည် ယခင်ဘဏ္ဍာရေးနှစ်ကာလတွင် ကြိုတင်ဝင်ငွေအဖြစ် ရရှိခဲ့ပြီးဖြစ်သော်လည်း ယခုကာလတွင် ဝင်ငွေအဖြစ် အသိအမှတ်ပြု စာရင်းရေးသွင်းရန်အတွက် စာရင်းစံနှုန်းများနှင့် အညီအပြည့်အဝရရှိပြီးဖြစ်သည့်အတွက်ကြောင့် ယခုကဲ့သို့ပေါ်ပေါက်ရခြင်းဖြစ်ပါသည်။

## သုံးသပ်ချက် နှင့် ရှေ့အလားအလာ

TMHကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအဖွဲ့မှ အစီရင်ခံတင်ပြသည်မှာ စီမံခန့်ခွဲရေးအဖွဲ့သည် အကျိုးအမြတ်နည်းပါးသော လုပ်ငန်းများကို လျှော့ချပြီး ကာလရှည် အကျိုးအမြတ် ကောင်းမွန်သော စီမံကိန်းလုပ်ငန်းများကို အဓိက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့သို့ ဆောင်ရွက်မှုကြောင့် ရေတိုရလာဒ် အနေဖြင့် ၂၀၁၉ စက်တင်ဘာလတွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ် နှင့် ပြီးခဲ့သော (၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၈ထိ) (နှစ်ဝက်) ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ် ဖော်ပြချက်အရ ဝင်ငွေကျဆင်းမှု ဖြစ်ပေါ်ရပါသည်။ ဝင်ငွေကျဆင်းမှု ရှိသော်လည်း ကုမ္ပဏီ၏အခြားသော စွမ်းဆောင်ရည်များတွင် ပိုမိုကောင်းမွန်လာပြီး အသားတင် အမြတ်တိုးလာရပါသည်။

ထို့အပြင် TMH ကုမ္ပဏီ၏ ဘုတ်အဖွဲ့မှလည်း အစုရှယ်ယာရှင်များ၏ ရေရှည်အကျိုးစီးပွားကိုမျှော်ကိုးလျက် ကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် ဆက်သွယ်ရေးဆိုင်ရာ တည်ဆောက်၊ တပ်ဆင်၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအပြင် အခြားနယ်ပယ်များဖြစ်သည့် လျှပ်စစ်စွမ်းအင်ဆိုင်ရာ လုပ်ငန်းများနှင့် မီဒီယာလုပ်ငန်းများတွင်လည်း ဖြန့်ကျက်၍ ရင်းနှီးမြှုပ်နှံမှု အသစ်များကို တိုးချဲ့လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းသစ်နှစ်ခုနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း စတင်အကောင်အထည်ဖော်နေပြီ ဖြစ်သည့်အပြင် စီမံခန့်ခွဲရေး အဖွဲ့သည် ကုမ္ပဏီ၏ လုပ်ငန်းနယ်ပယ်အားလုံးကို အကောင်းဆုံးအကျိုးရလာဒ်များ ရရှိစေရန်နှင့် ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ရည်မှန်းချက်အတိုင်း ဆက်လည်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၁၉ခုနှစ် ၊ ဒီဇင်ဘာလ (၂၇ )ရက်။

**Address : No. 54, Eastern Business Centre,Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**

**Phone : +951 8550348, +951 8550936**

**Website: www.tmhtelecom.com**

## Management Discussion And Analysis of TMH Telecom Public Company Limited For the Year ended 30th Septemer,2019

The following Management Discussion and Analysis ("MD&A") is based on Financial Statements of **TMH Telecom Public Limited** for the year ended 30th September 2019 and should be read in conjunction with those financial Statements.

All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

### Results Summary

**Summary Income Statement**

**All Amount in K'000**

| | FY 2019 | HY (2018-19) | % Change |
|---|---|---|---|
| | Ks' 000 | Ks' 000 | |
| Revenue | 2,968,196 | 5,437,437 | -45.4% |
| Costs of Good Sold | (1,501,064) | (3,753,253) | -60.0% |
| Gross Profit | 1,467,132 | 1,684,184 | -12.9% |
| Other Income | 288,572 | 62,087 | |
| Expense | (1,359,854) | (1,046,553) | 29.9% |
| Profit Before Tax | 395,849 | 699,717 | -43.4% |
| Tax Expense | (79,169) | (346,935) | -77.2% |

| | | | |
|---|---|---|---|
| Net Profit After Tax | 316,679 | 352,782 | -10.2% |
| Fair value adjustment of Investments | 32,340 | | |
| Total Comprehensive Income | 349,019 | 352,782 | |
| Basic EPS (MMK) | 25 | 29 | |

The revenue in the period was ks. 2.9 billion and it was lower than the ks. 5.4 billion recorded in prior HY 2018-19 (April 2018 to September 2018) . However, although the total revenue of the period was decreased, the gross profit margin and net profit margin for the Six-months ended 30th September 2019 increased over the same previous comparative period. This was mainly due to management focused on the projects which will generate reasonable return to the company in the long term and applied cost control strategies effectively to keep expenses down and increase the profits.

Fair value adjustment of available-for-sale investments during this Period was mainly due to the Company's investments in First Myanmar Investment Co., Ltd. (FMI) which has quoted market price. The decrease in earnings per share was mainly due to the increasing number of shares outstanding which was caused by the issue of bonus shares 0.61 million during the Period.

## Summary Balance Sheet

| Assets | FY 2019 Ks' 000 | HY (2018-19) Ks' 000 | % Change |
|---|---|---|---|
| Total Non-Current Assets | 3,903,955 | 4,912,036 | **-20.5%** |
| Total Current Assets | 13,396,159 | 13,220,766 | **1.3%** |
| **Total Assets** | **17,300,114** | **18,132,803** | **-4.6%** |
| **Equity & Liabilities** | | | |
| Total Equity | 15,827,361 | 16,034,342 | **-1.3%** |
| Total Liabilities | 1,472,752 | 2,098,461 | **-29.8%** |
| **Total Equity & Liabilities** | **17,300,114** | **18,132,803** | **-4.6%** |

The 1.3% rise in current assets was primarily due to the purchase of inventory for the project to use in near future. The decrease in 20.5% in non-current assets was due to the received cash from investment which completed contract agreement.

Total liabilities have decreased due to revenue recognition of advance from customer are recognized as revenue only after completion of contract arrangements and due process.

## Review and Going Forward

The management of the company (TMH) would like to report that in the period FY 2019 (April 2019 – September 2019), management mainly focused on more profitable long term projects and reduce some projects which didn't contribute much to the return of the company. As a result, the total revenue decreased in FY 2019 (April 2019 – September 2019) compared with the previous HY 2018 – 2019 (April 2018 – September 2018). However, although the total revenue decreased, net profit margin has increased and enhanced the productivity of the company.

Moreover, the board considered that the company should diversify into new potential business areas besides from the company's main telecommunication business such as electricity business and Media and Entertainment business to increase the benefits of our shareholders. Thus, some business activities for these two new business areas have been processed and management will continue to grow all these business with the best efforts in the future to meet the strategic goal of the organization.

By order of the Board

Thiha Lwin

Managing Director

27th December, 2019